ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဩဝါဒတရားတော်

နှင့်

မဟာစည်ကျောင်းတော် တိုးချဲ့ဆောင် စကြံနှင့်

သုံးထပ်တိုက်ကျောင်းများ ရေစက်ချ

အနုမောဒနာ

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်

မဟာစည် သာသနာ့ရိပ်သာ

ရန်ကုန်မြို့

၂၈-၉-၈၂

၁၉၆၆ ၅

ဆဋ္ဌသင်္ဂါယနာ တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဩဝါဒတရားတော်

နှင့်

မဟာစည်ကျောင်းတော် တိုးချဲ့ဆောင်-စကြံနှင့်

သုံးထပ်တိုက်ကျောင်းများ ရေစက်ချ

## အနုမောဒနာ



ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

မဟာစည်သာသနာ့ရိပ်သာ ရန်ကုန်မြို့

၂၈ — ၉ — ၈၂

ကမ္ဘာအေး၊ ရန်ကုန်။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၁၀၄၅)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၈၈)

○

ပထမအကြိမ်

○

အုပ်ရေ—၃၀၀၀

○

၁၉၈၂-ခုနှစ်

○

မတ်လ

○

ပန်းချီ—စံတိုး

○

ဘလောက်—နန်းထိုက်

○

အဖုံး—အောင်သာ

○

စာအုပ်ချုပ်—အေးမိသားစု

○

ဓမ္မဒါန

ဦးသိန်းဟန် (ကင်းလွတ်ခွင့်အမှတ်—၃၄၂) မဟာစည်သာသနာ့ရိပ်သာ၊ ၁၆၊ ဟာမင်တစ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊ အမှတ် ၉၀၊ အေ့ဘီ၊ ဝေဇယန္တာလမ်း၊ (၈)-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။ ဖုံး—၅၅၉၁၅

၁၃၄၃-ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် တနင်္ဂနွေနေ့တွင်
ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျင်းပသော
ကျောင်းတော်များနှင့် ကြို ရေစက်သွန်းချ အမျှပေးဝေပွဲတွင်
ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဩဝါဒတရားတော်

နှင့်

# အနုမောဒနာ

---

ဒီကနေ့ဟာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၏ လွန်ခဲ့သော ၂-နှစ်အတွင်းက စပြီး တည်ထောင်ခဲ့တဲ့ ၃-ထပ် ကျောင်းဆောင်ကြီး ၂-ခုရယ်၊ ဘုန်းကြီးနေရာ ကျောင်းဆောင်ကြီးနှင့် ဆက်စပ်၍ တိုးပွားဆောက်လုပ်တဲ့ မွေ့ရုံ ကျောင်းဆောင်ကြီးရယ်၊ ကြိုတော် ကျောင်းဆောင်ကြီးရယ်၊ ဒီ ၄-ခုသော ကျောင်းဆောင်ကြီးများကို ရေစက်ချပွဲ ကျင်းပသည့် နေ့ထူးနေ့မြတ်လဲ ဖြစ်တယ်။

ဒါကြောင့် ဘုန်းကြီးက ယခုနေအခါမှာ အဲဒီ ကျောင်းတော်ကြီး ၄-ခု ရေစက်ချပွဲအတွက် ဩဝါဒပေးတဲ့အနေဖြင့် တရားဟောပြောမှုကို စပြီး ဆောင်ရွက်ရမယ်၊ ဟောမည့်တရားကတော့ ၁၃၃၀-ခုနှစ်က မဟာစည်ကျောင်းတော်ကို ရေစက်ချပွဲကျင်းပစဉ်မှာ ဟောခဲ့တဲ့ တရားတော်ကို အရင်းခံပြုပြီး အကျဉ်းချုပ်လောက် ဟောပြောရမှာပါပဲ။

မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့ညကုန်ခါနီး၌ ဘုရားဖြစ်တော်မူပြီးလျှင် (၇)ဌာနတို့၌ ဖလသမာပတ် ဝင်စားခြင်း, တရားတော်ကို နှလုံးသွင်းခြင်းများဖြင့် (၇) ရက်စီ သီတင်းသုံးတော်မူခဲ့ပါသည်။ အဲဒီကနောက်လဲ ဝါဆိုလပြည့်နေ့မတိုင်မီ သင့်တော်သလို သီတင်းသုံးတော်မူပြီးနောက် ဝါဆိုလပြည့်နေ့ညနေပိုင်းမှာ ဗာရာဏသီမြို့ မိဂဒါဝုန်တောအရပ်သို့ ကြွရောက်တော်မူပြီးလျှင် အရှင်ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိဆိုတဲ့ ပဉ္စဝဂ္ဂီရဟန်း ၅-ပါးအား ဓမ္မစကြာသုတ် တရားတော်ကို စ၍ ဟောကြားတော်မူခဲ့ပါသည်၊ အဲဒီ တရားကို နာပြီးတော့ အရှင်ကောဏ္ဍညက သောတာပန်ဖြစ်ခဲ့ပါသည်၊ သောတာပန် ဖြစ်ပြီးတဲ့အခါ အရှင်ကောဏ္ဍညက ဘုရားသာသနာဝင် ရဟန်းအဖြစ်ကို လျှောက်ထား တောင်းပန်သောကြောင့် မြတ်စွာဘုရားက အရှင်ကောဏ္ဍညကို ဧဟိဘိက္ခု-ဟု မိန့်ခေါ်၍ ဗုဒ္ဓသာသနာဝင် ရဟန်းအဖြစ် ပြုပေးတော်မူခဲ့ပါသည်။

အခြားရဟန်း ၄-ပါးကတော့ ထိုညကပင်စ၍ ဘုရားအဆုံးအမဩဝါဒတော်ကို လိုက်နာလျက် မပြတ်အားထုတ်ကြ

သဖြင့် ဝါဆိုလဆုတ် ၁-ရက်နေ့မှ ၄-ရက်နေ့ အတွင်းမှာ တရက်တရက် တပါးတပါး သောတာပန်ဖြစ်ကြ၍ ရဟန်းအဖြစ်ကို အသီးအသီး လျှောက်ထား တောင်းပန်ကြသည့်အတိုင်း မြတ်စွာဘုရားက အဲဒီ အရှင်ဝပ္ပစသည်တို့ကိုလဲ ဧဟိဘိက္ခုဟုခေါ်တော်မူ၍ ရဟန်းအဖြစ် ပြုပေးတော်မူခဲ့ပါသည်။

အဲဒီကနောက်ဝါဆိုလဆုတ် ၅-ရက်နေ့မှာ မြတ်စွာဘုရားက အနတ္တလက္ခဏသုတ်ကို ဟောတော်မူ၍ ပဉ္စဝဂ္ဂီ ရဟန်းတော်ငါးပါးလုံးကို အရဟတ္တမဂ်ဖိုလ်ရောက်လျက် ရဟန္တာ ဖြစ်စေတော်မူခဲ့ပါတယ်။ အဲဒီကနောက် ယသ သဌေးသား အမှူးရှိသော ၅၅-ဦးဟာလဲ ဘုရားထံမှာ တရားနာပြီး ရဟန္တာဖြစ်ကြပါတယ်။အဲဒီ ၅၅-ဦးကိုလဲ မြတ်စွာဘုရားက ဧဟိဘိက္ခုဟု ခေါ်တော်မူ၍ ရဟန်းအဖြစ် ပြုပေးတော်မူခဲ့ပါတယ်။

အဲဒီကနောက် ဝါကျွတ်တဲ့အခါမှာ မြတ်စွာဘုရားကဘုရားဖြစ်ခဲ့ရာဌာနအနီး ဥရုဝေဠ တောအရပ်သို့ ကြွတော်မူလျက် ဥရုဝေဠကဿပ အမှူးရှိသော ပရိဗိုဇ် ၁၀၀၀ ကိုရဟန်းပြုပေးပြီးတော့ အာဒိတ္တသုတ်ကို ဟောကြားပြီး ရဟန္တာဖြစ်စေခဲ့ပါတယ်။ အဲဒီရဟန္တာတထောင်နှင့်တကွ ရာဇဂြိုဟ်မြို့သို့ ကြွရောက်တော်မူခဲ့ပါတယ်၊ အဲဒီလိုကြွလာတော်မူတဲ့အခါမှာ ရာဇဂြိုဟ်မြို့နယ်ပိုင်ရှင် ဗိမ္ဗိသာရမင်းကြီးက အခြွေအရံ လူပေါင်းတသောင်းနှစ်ထောင်နှင့်တကွ လာရောက်ပြီး ပူဇော်ကန်တော့ကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်၊ အဲဒီတရားကို ရှိသေစွာနာကြား၍ သင့်လျော်စွာ နှလုံးသွင်းကြသောကြောင့် ဗိမ္ဗိသာရ

မင်းကြီးနှင့်တကွ လူပေါင်း တသောင်းတထောင်က သောတာ ပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန် ဖြစ်တော်မူကြပါတယ်။

အဲဒီက နောက် တရက်လောက်မှာ ဗိမ္ဗိသာရ မင်းကြီးက ဝေဠုဝန်ဥယျာဉ်တော်ကို လှူဒါန်းတဲ့အတွက် မြတ်စွာဘုရားက အဲဒီ ဝေဠုဝန်ကျောင်းတိုက် အာရာမ်ဥယျာဉ်တော်မှာ သီတင်း သုံးနေတော်မူခဲ့ပါတယ်၊ အဲဒီတုန်းက ဝေဠုဝန်ဥယျာဉ်တော် မှာ အဆောက်အဦတွေတော့ရှိမှာပါပဲ၊ ဒါပေမယ့် မြတ်စွာ ဘုရားက ကျောင်း အဆောက်အဦနဲ့ နေဖို့ ခွင့်မပြုသေးတဲ့ အတွက် အဲဒီတုန်းက ရဟန်းတော်တွေဟာ တောအရပ် သစ်ပင် အောက် အစရှိတဲ့ သင့်လျော်ရာဌာနတွေမှာပဲနေပြီး တရားကို နှလုံးသွင်း အားထုတ်နေကြပါတယ်၊ တချို့က တောင်စောင်း မှာ တချို့က တောင်ချိုင့်ချောက်ထဲမှာ တချို့ကတောင်ခေါင်း ထဲမှာ တချို့က သုသာန်ထဲမှာ တချို့က တောအုပ် တောနက်ထဲ မှာနေကြတယ်၊တချို့ကတော့သစ်ပင်အောက်မှာတချို့ကတော့ အရိပ်အကာမရှိတဲ့ ဟင်းလင်းပြင် အရပ်မှာ တချို့ကတော့ ကောက်ရိုးပုံမှာနေကြတယ်၊ အဲဒီလိုနေရာဌာနတွေကို အသေး စိတ်ဖော်ပြရတာက ဘာကြောင့်လဲဆိုတော့ အဲဒီတုန်းက နေ စရာ ကျောင်းရယ်လို့ မရှိသေးတာ ထင်ရှား သိနားလည်ကြဖို့ ပါပဲ။

## ကြည်ညိုဖွယ်ကို တွေ့ရတယ်

တနေ့သောအခါမှာ ရာဇဂြိုဟ်မြို့ဟ်မှ သဌေးတဦးက ကိစ္စ ရှိတာနဲ့ နံနက်စောစော မြို့ပြင်အရပ်သို့ ထွက်လာခဲ့တယ်၊ အဲဒီ

ထွက်လာတဲ့အခါမှာ အဆင်မပြေတဲ့နေရာများ၌နေကြတဲ့ **အဲဒီ** ကိုယ်တော်တွေဟာ အဲဒီ နေရာအမျိုးမျိုးမှ ဆွမ်းခံကြွရန် ထွက်လာကြတာကို တွေ့ရတယ်၊ သင်္ကန်းကို သပ္ပါယ်စွာရုံပြီး သပိတ်ကိုလဲ သင့်လျော်စွာ လွယ်ယူလျက် ကြည်ညိုဖွယ် အမူအရာတွေနဲ့ ထွက်လာကြတာကိုလဲ တွေ့မြင်ရပါတယ်။ **အဲဒီလို** တွေ့မြင်ရာမှာ—

ပါသာဒိကေန အဘိက္ကန္တေန၊ ရှေ့ဘက်သို့ သွားရာမှာလဲ သိမ်သိမ်မွေ့မွေ့နဲ့ ကြည်ညိုဖွယ် ကောင်းတယ်။ ပါသာဒိကေန ပဋိက္ကန္တေန၊ အကြောင်းရှိလို့ နောက်ဘက်ကို ပြန်ဆုတ်ရာမှာလဲ သိမ်သိမ်မွေ့မွေ့နဲ့ကြည်ညိုဖွယ်ကောင်းတယ်။ အာလောကိတေန၊ ရှေ့ကို တည့်တည့်ကြည့်ရာမှာလဲကြည်ညိုဖွယ်ကောင်းတယ်။ အကြောင်းအထူး မရှိတဲ့အခါမှာ ဆူးငြောင့်ခလုတ်ကို မြင်ရုံ လေးတောင်လောက်သာ ကြည့်တယ်၊ အကြောင်းအထူးရှိလို့ ရှေ့ကို မျှော်ကြည့်တဲ့ အခါမှာလဲ အမှတ်သတိနဲ့ ဣန္ဒြေရရပဲ ကြည့်တယ်၊ ဒါကြောင့် ကြည်ညိုဖွယ်ကောင်းတာပါပဲ။ ဝိလောကိတေန၊ အကြောင်းထူးရှိလို့ စောင်းငဲ့ကြည့်တဲ့အခါမှာလဲ အမှတ်သတိနဲ့ ဣန္ဒြေရရ ကြည့်လို့ ကြည်ညိုဖွယ်ကောင်းတယ်။ ပါသာဒိကေန သမိဉ္ဇိတေန ပသာရိတေန၊ လက်ခြေများကို ကွေးရာဆန့်ရာမှာလဲ ကြည်ညိုဘွယ်ကောင်းတယ်။ ကွေးချင် ဆန့်ချင်တဲ့ စိတ်ကလေးတွေကိုပါ မှတ်သိပြီး ကွေးတဲ့ ဆန့်တဲ့အတွက်သိမ်မွေ့ပြီး ကြည်ညိုဖွယ်ကောင်းနေတာပါပဲ။ (ဝိနည်း စူဠဝါပါဠိတော် နှာ—၂၉၀ စသည်မှာ ဟောထား

တဲ့အတိုင်း ဖော်ပြတာပါပဲ—) အဲဒီလို ကြည်ညိုဘွယ် ထင်ရှား နေတာဟာ ယခုဘုန်းကြီး တို့ စာပည့်ယောဂီတွေ ကျင့်နေကြ တာမျိုးဖြစ်မှာပါပဲ၊ စိတ်အမူအရာတိုင်း ကိုယ်အမူအရာတိုင်းမှာ အမှတ်သတိက မပြတ်ပါနေတော့ ပျာယီးပျာယာနဲ့ ဣန္ဒြေမဲ့ လှုပ်ရှား ပြုပြင်မှုရယ်လို့မရှိပဲ သိမ်သိမ်မွေ့မွေ့နဲ့ ဣန္ဒြေရပြီး ကြည်ညိုဖွယ်ချည်း ဖြစ်နေတာပေါ့၊ အဲဒီ ပါသာဒိကေန အဘိ က္ကန္တေန၊ အစရှိတဲ့ပါဠိတော်ဟာ ဒကာ ဒကာမတွေ အနေနဲ့လဲ အထူး သတိပြုစရာ ကောင်းပါတယ်၊ ကြည်ညိုဖွယ် ဂုဏ်နဲ့ ပြည့်စုံတဲ့ရဟန်းတော်များကို ကြည်ညိုတတ်ကြဖို့ပါပဲ၊ ရဟန်း တော်များအနေနဲ့လဲ အထူး သတိပြုစရာတွေပါပဲ၊ မိမိတို့မှာ ကြည်ညိုဖွယ်ဂုဏ်နဲ့ ပြည့်စုံအောင် နေထိုင်တတ်ကြဖို့ ပါပဲ။

အဲဒီလိုကြည်ညိုဖွယ် အမူအရာတွေနဲ့နေကြ ထွက်လာကြတဲ့ ရဟန်းတော်များကို မြင်ရ တွေ့ရပေ့ာ အဲဒီ ရာဇဂြိုဟ်သဌေးမှာ ကြည်ညိုတဲ့ သဒ္ဓါတရားတွေ ဖြစ်လာတယ်၊ အဲဒီ သဌေးက ဘုရား တရား သံဃာ အကြောင်းကိုတော့ ဘာမျှ သိပုံမရသေး ပါဘူး၊ ဒါပေမဲ့ ရဟန်းတော်တွေရဲ့ ကြည်ညိုဖွယ် အမူအရာ တွေကို မြင်ရတော့ သူက ကြည်ညိုတယ်၊ ရှေးရှေးဘဝများမှ ပါရမီ အခြေခံကလေးများ ရှိခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ကြည်ညို ဖွယ်ကိုတွေ့ယင် ကြည်ညိုတတ်ကြတာပါပဲ၊ ပါရမီ အခြေခံ မရှိခဲ့တဲ့သူတွေကတော့ ကြည်ညိုစရာကို တွေ့ပေမယ့်လို့ မကြည် ညိုပဲ ရှိတတ်ကြပါတယ်၊ တချို့ကတော့ မကြည်ညိုရုံတွင်တောင် မဟုတ်သေးဘူး၊ အပြစ်တင်ပြီးတော့လဲ ကဲ့ရဲ့ ရှုတ်ချတတ်ကြ ပါတယ်၊ အဲဒါဟာ ပါရမီနည်းတဲ့ လက္ခဏာပါပဲ။

## ကြည်ညိုဖွယ်နှင့် ပြည့်စုံကြောင်း အကျင့်

အဲဒီမှာ ကြည်ညိုဖွယ်တွေနဲ့ ပြည့်စုံနေတယ် ဆိုတာဟာ အခြား အကြောင်းကြောင့် မဟုတ်ပါဘူး၊ မြတ်စွာဘုရားက ညွှန်ကြား ဆုံးမထားတဲ့အတိုင်း သတိပဋ္ဌာန် ၄-ပါး တရားတွေကို မပြတ် နှလုံးသွင်း အားထုတ်နေကြလို့ပါပဲ၊ ယခုနေ အခါမှာ ဘုန်းကြီးတို့ဆီက ယောဂီတွေကိုပဲ စံနမူနာအဖြစ်နဲ့ ကြည့်စမ်းကြစမ်းပါ၊ ကိုယ်အမူအရာ စိတ်အမူအရာ ဟူသမျှကို အမြဲမပြတ် ရှိရှိသေသေနဲ့ ရှုမှတ်နေကြတဲ့အတွက် ဒီယောဂီ တွေဟာ သွားရာ လာရာမှာလဲ သိမ်သိမ်မွေ့မွေ့နဲ့ ဣန္ဒြေရနေ ကြတယ်၊ ကြည့်ရှုရာမှာလဲ ဣန္ဒြေရနေကြတယ်၊ ကွေးရာဆန့်ရာ လှုပ်ရှားရာမှာလဲ ဣန္ဒြေ ရနေကြတယ်၊ စားသောက်ရာမှာလဲ ဣန္ဒြေ ရနေကြတယ်၊ ထိုင်နေရာမှာတော့ အထူးပြောစရာ မလို ပါဘူး၊ အမှတ်ကောင်းနေတဲ့ ယောဂီတွေဟာ တနာရီ နှစ်နာရီ စသည်ကြာအောင် ငြိမ်ပြီးထိုင်နေနိုင်ကြတယ်၊ ယခုလို တရား နာနေကြရာမှာ ဆိုယင်တော့အင်မတန်ကို တည်ငြိမ်ပြီး ဣန္ဒြေ ရနေကြပါတယ်။

### ကျောင်းဒါယကာပေါ်စက

ဒါကြောင့် ဒီလိုသိမ်သိမ်မွေ့မွေ့နဲ့ ဣန္ဒြေရနေတဲ့ ရဟန်း တော်တွေကို မြင်ရတဲ့အခါ အဲဒီရာဇဂြိုဟ်သဌေးမှာ သဒ္ဓါ တရား ဖြစ်ပေါ်ပြီး ကျောင်းဆောက်လှူဖို့ အကြံအစည် ဖြစ် လာတယ်၊ ဩော်—ဒီရဟန်းတော်တွေဟာ အိုခြင်း, နာခြင်း,

သေခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ တရားကျင့်သုံး အားထုတ်နေကြတာပဲ၊ ဒါပေမယ့် သူတို့မှာ နေထိုင်စရာက မပြည့်စုံရှာကြဘူး။ တောထဲမှာ, သစ်ပင်အောက်မှာ, တောင်စောင်း တောင်ချိုင့် စသည်မှာ နေကြရတယ်ဆိုတော့ အအေး အပူ အစရှိတဲ့ ဘေးရန်တွေလဲ ရှိနေတယ်။ မြွေ ကင်း သစ် ကျား အစရှိတဲ့ ဘေးရန်တွေလဲ ရှိနေတယ်။ ကျောင်းခန်းထဲမှာနေပြီး အားထုတ်နေကြယင်တော့ အဲဒီလို ဘေးရန်အန္တရာယ်တွေ ကင်းနိုင်တယ်၊ ဘေးရန်အန္တရာယ်တွေကင်းပြီး ချမ်းချမ်းသာသာနဲ့ တရားကျင့်ကြံအားထုတ်နိုင်အောင် ကျောင်းတွေ ဆောက်လှူရယင် ကောင်းမှာပဲလို့ အဲဒီသဌေးက စေတနာ သဒ္ဓါတရားဖြစ်ပြီး ကြံစည်မိပါတယ်၊ ရှေးရှေးသော ဘဝတွေက ပါရမီကုသိုလ် အထုံဝါသနာ ပါလာတဲ့ပုဂ္ဂိုလ်တွေမှာ ကြည်ညိုဖွယ်ကို တွေ့ရယင် ကုသိုလ်စေတနာ ဖြစ်လွယ်တတ်ပါတယ်။ အဲဒါဟာ ''ပုဗ္ဗေစကတပုညတာ'' ဆိုတဲ့ မင်္ဂလာတရားနှင့် ပြည့်စုံနေလို့ပါပဲ။

ပုဗ္ဗေ-ရှေး ကာလ၌၊ ကတပုညတာ စ- ပြုခဲ့ဘူးသော ကောင်းမှုရှိတာဟာလဲ မင်္ဂလာတပါးပါပဲတဲ့၊ ရှေးဘဝ ရှေးကာလတွေက ကောင်းမှုကို ပြုခဲ့ဘူးယင် နောက်ဘဝ နောက်ကာလတွေမှာ ကောင်းကျိုးကိုရတယ်၊ ကောင်းမှုကုသိုလ် ပြုလိုတဲ့ စိတ်လဲ ဖြစ်လွယ်တတ်တယ်၊ သူတော်ကောင်း ပညာရှိတွေကို တွေ့မြင်ယင် ကြည်ညိုတတ်တယ်၊ ကောင်းမြတ်တဲ့ အလေ့အလာဆိုတာ အင်မတန် အရေးကြီးပါတယ်၊ အဲဒီလို

ကောင်းမြတ်တဲ့ အလေ့အလာတွေ ရှိခဲ့တဲ့အတွက် ဒီသဒ္ဓေးမှာ ကျောင်းဆောက်လှူလိုတဲ့ စိတ်စေတနာတွေ ဖြစ်ပေါ်လာတာ ပါပဲ။

အဲဒီလို စေတနာတွေ ဖြစ်ပြီးတော့ သူက ဆက်လက်စဉ်းစား ပြန်တယ်။ ဩဝါဒ ငါက ကျောင်းဆောက်လှူပေမယ့်လို့ ဒီရဟန်း တော်တွေက အဲဒီကျောင်းကိုအသုံးပြုပြီးနေမှနေကြပါ့မလား။ စုံစမ်းမေးမြန်းဦးမှပဲလို့ စဉ်းစားပြီးတော့ အဲဒီ သဒ္ဓေးက ရဟန်းတော်များထံ ချဉ်းကပ်ပြီး မေးမြန်းပါတယ်။ အရှင် ဘုရားတို့ တပည့်တော်က ကျောင်းဆောက်လှူချင်တယ် အဲဒီ ကျောင်းများမှာ အရှင်ဘုရားတို့ သီတင်းသုံး နေကြပါမည် လားလို့ မေးပါတယ်။

ဒကာ သဒ္ဓေးကြီး—ယခုထိအောင်တော့ မြတ်စွာဘုရားက ကျောင်းနဲ့နေဖို့ ခွင့်မပြုသေးဘူး-လို့ ရဟန်းတော်များက ပြန် ကြားဖြေဆိုကြပါတယ်။ ကျောင်းနဲ့နေကောင်းသလား မနေ ကောင်းသလားဆိုတာ မသိဘူး၊ မြတ်စွာဘုရားထံ လျှောက် ထားပြီးတော့မှ ခွင့်ပြုယင်လဲ နေကြရမှာပဲ ဆိုတဲ့ သဘောမျိုးနဲ့ ပြန်ကြားဖြေဆိုကြတာပါပဲ။ အဲဒီလို ပြောပြကြတာဟာ အလို ရမ္မက်နည်းတဲ့ သဘောပါပဲ၊ အလိုရမ္မက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ ဆိုယင်တော့ ဘုရားကိုပန်ကြားဖို့ စဉ်းစားမှာ မဟုတ်ပါဘူး။ ကျောင်းနဲ့နေတာက ပိုကောင်းတယ်လို့ ယူဆပြီးတော့ သူတို့ သဘောအတိုင်းပင် လက်ခံဖွယ် ရှိပါတယ်။ အဲဒီလို လက်မခံပဲ ဖြေကြားကြတာဟာ သာသနာတော်အစပိုင်းက အရှင်မြတ်

တွေရဲ့ ကြည်ညိုဖွယ်ဂုဏ်ပါပဲ။ နောက်ကာလမှာ ဆဗ္ဗဂ္ဂီရဟန်းတွေကတော့ ဒီလိုမဟုတ်ပါဘူး၊ မအပ်စပ်တာတွေကိုလဲ သူတို့သဘောအတိုင်း လက်ခံပြီး သုံးဆောင်ကြတာတွေ ရှိပါတယ်။ ဒါကြောင့် အဲဒီလို မအပ်စပ်တာတွေကို အကြောင်းပြုပြီး မြတ်စွာဘုရားက သိက္ခာပုဒ်တွေ ပညတ်လျက် တားမြစ်ထားတာတွေ များစွာပင် ရှိနေပါတယ်။

## ဝမ်းမြောက်ဖွယ် ခွင့်ပြုတော်မူချက်

ခုတင်က ပြောခဲ့တဲ့အတိုင်း ရဟန်းတော်များ၏ ဖြေကြားချက်ကို ကြားရတော့ ကျောင်းဆောက်လှူလိုတဲ့ သဌေးက "မြတ်စွာဘုရားထံ လျှောက်ထားပြီးတော့ ကျောင်းအလှူကို ခွင့်ပြုမပြု ပြန်ကြားတော်မူကြပါ"လို့ လျှောက်ပါတယ်။ ကောင်းပါပြီလို့ ရဟန်းတော်များက လက်ခံပြီးတော့ အဲဒီအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက ဒီလိုမိန့်ပြီး ခွင့်ပြုတော်မူလိုက်ပါတယ်။

အနုဇာနာမိ ဘိက္ခဝေ ပဉ္စလေဏာနိ ဝိဟာရံ အဍ္ဎယောဂံ ပါသာဒံ ဟမ္မိယံ ဂုဟံ။ (ဝိ·စူဠဝါ-နှာ ၂၉၀)

ဘိက္ခဝေ- ရဟန်းတို့၊ ဝိဟာရံ-လေးဘက်မိုး နှစ်ဖက်မိုးကျောင်းကိုလည်းကောင်း၊ အဍ္ဎယောဂံ - တဖက်စောင်းမိုးကျောင်းကိုလည်းကောင်း၊ ပါသာဒံ - ပြာသာဒ်ကိုလည်းကောင်း၊ ဟမ္မိယံ-ပြာသာဒ်ဦးပြီးတိုက်ကတုံးကိုလည်းကောင်း၊

ဂုဟံ— လိုဏ်ဂူကိုလည်းကောင်း၊ ဠတိ-ဤသို့အားဖြင့်၊ ပဥ္စ လေဏာနိ - ငါးမျိုးသော အဆောက်အဦ ကျောင်းတို့ကို၊ အနုဇာနာမိ-ခွင့်ပြုပါသည်—တဲ့။

အဲဒါဟာ ကျောင်းအမျိုးမျိုး ဆောက်လှူဖို့ လူ တ်ကြောင်များက ဆောက်လှူတဲ့ကျောင်းကို ရဟန်းများက သိတင်းသုံး နေထိုင်ဖို့ အစဆုံး ခွင့်ပြုတော်မူလိုက်တာပါပဲ။ ဒီလိုခွင့်ပြုတော်မူတဲ့အတွက် သဒ္ဓါတရားရှိတဲ့ ဒကာ ဒကာမတွေမှာ ကျောင်းဆောက်ပြီးလှူတဲ့ ကုသိုလ်အထူးအမြတ်တွေ များစွာပင်ဖြစ်ပွားရပါတယ်။ ရဟန်းတွေမှာလဲ ကျောင်းခန်းထဲမှာ ချမ်းသာစွာနဲ့ နေထိုင်ကြရပါတယ်။ ဒကာ ဒကာမများဘက်ကရော, ရဟန်းတော်များဘက်ကရော အလွန်ဝမ်းမြောက်စရာကောင်းပါတယ်၊ ဒါကြောင့် အဲဒီ ခွင့်ပြုတော်မူတဲ့ စကားကို သာဓု ခေါ်ကြရအောင် ဘုန်းကြီးက ထပ်ပြီး ရွတ်ပြဦးမယ်။ အဆုံးကျတော့ သာဓု ခေါ်ပြီး ကုသိုလ်အထူး ဖြစ်ပွားစေကြပါ။

ဘိက္ခဝေ-ရဟန်းတို့၊(ပ) ပဥ္စ လေဏာနိ—ခိုအောင်းနေစရာ ငါးဖြာသော ကျောင်းအဆောက်အဦတို့ကို၊ အဟံ - မဟာကရုဏာသခင် ငါဘုရားရှင်သည်၊ အနုဇာနာမိ-ကျောင်းဒကာ ကျောင်းဒကာမတို့အား ကုသိုလ်ပွားရေး, ရဟန်းတော်တို့အား ချမ်းသာစွာ နေရရေး, သာသနာတော် ရှည်စွာတည်တံ့ရေး တို့ကို အလေးဂရု မျှော်တွေးရှု၍ ခွင့်ပြုတော် မူလိုက်ပါသတည်း။

(သာဓု သာဓု....သာဓု)

၂၅၅၇

## အစဆုံးအလှူကျောင်း (၆၀)

အဲဒီလို ကျောင်းအခွင့်ပြုတာဟာ သစ်ပင်အောက်နှင့် ဟင်းလင်းပြင် အရပ်များ၌ သပ္ပါယမဖြစ်တဲ့ ရဟန်းတော်များ အတွက် အလိုရှိယင် ကျောင်းအဆောက်အဦထဲ၌နေဖို့ မြတ်စွာဘုရားက သနားသဖြင့် ခွင့်ပြုတော်မူလိုက်ခြင်း ဖြစ်ပါတယ်။

အဲဒီလို ခွင့်ပြုလိုက်တဲ့အကြောင်းကို ရဟန်းတော်များက ရာဇဂြိုဟ်သဌေးအား ပြန်ကြားလိုက်တဲ့အခါ အဲဒီသဌေးက တရက်ထဲနဲ့ ကျောင်းပေါင်း(၆၀)ပြီးအောင် ဆောက်လုပ်စေ ပါသတဲ့။ ''တရက်ထဲနဲ့ ကျောင်း (၆၀) ပြီးအောင် ဆောက် လုပ်နိုင်တယ်'' ဆိုတော့ အဲဒီကျောင်းတွေဟာ အကြီးအကျယ် အထူးအဆန်းတော့ ဟုတ်ပုံမရပါဘူး။တော်ရုံသင့်ရုံ အဆောက် အဦကလေးများသာ ဖြစ်မှာပါပဲ။

ယခုဒီမှာ ဆောက်လုပ်ကြတဲ့ ကျောင်းတွေကတော့ အဲဒီ ကျောင်းကလေးတွေထက် အဆပေါင်းများစွာ မရေမတွက် နိုင်အောင် အလွန်ကြီးကျယ်တဲ့ ကျောင်းအထူးအမြတ် အကြီး အကျယ်တွေသာ ဖြစ်ပါတယ်။ဒါ့ကြောင့် ယခုဒီမှာ ရေစက်ချ လှူဒါန်းပူဇော်မည့်ကျောင်းတွေဟာ တလနဲ့လဲမပြီးဘူး၊ တနှစ် နဲ့လဲမပြီးဘူး၊ ၂-နှစ်လောက်, ၂ နှစ်ကျော်လောက် ကြာအောင် ဆောက်လုပ်ခဲ့ကြရတယ်။တန်ဖိုးအားဖြင့်လဲကျပ်ငွေ ၂-သိန်းခန့်, ၂-သိန်းကျော်ခန့် အကုန် အကျခံပြီး ဆောက်လုပ်ရတာလဲ ရှိတယ်။ သာသနာစာရကျောင်းဆိုတဲ့ ၃-ထပ်ကျောင်းကိုတော့

(၁၈)သိန်းခန့် ဝတ္ထုငွေတို့ဖြင့် ဆောက်လုပ်စေရပါတယ်။ သာသနပါလကျောင်းဆိုတဲ့ ၃-ထပ်ကျောင်းကိုတော့ ၁၆သိန်းခန့် ဝတ္ထုငွေတို့ဖြင့် ဆောက်လုပ်စေရပါတယ်။ ဒီကျောင်း ၃-ဆောင်အတွက် ကုန်ကျတဲ့ငွေတွေဟာ သုံးသန်းနဲ့ ရှစ်သိန်းကျော်ရှိပါတယ်။ ဒါကြောင့် ယခုရေစက်ချပြီး လှူဒါန်းပူဇော်ကြရမည့် ကျောင်းတော် ၄-ဆောင်ဟာ ဘုရားလက်ထက်တော်က စပြီး လှူခဲ့တဲ့ ကျောင်း (၆၀)နှင့် နှိုင်းယှဉ်ကြည့်ယင် ဒီကျောင်း ၄-ဆောင်က တန်ဖိုးတွေ အလွန့်အလွန်များနေကြောင်း ထင်ရှားပါတယ်၊ ဒါကြောင့် ဒီကျောင်း ၄-ဆောင်ကို တာဝန်ခံပြီး ဆောက်လုပ်လှူဒါန်းကြတဲ့ ကောင်းမှုရှင်တွေမှာ အလွန်ဝမ်းသာ အားရဖွယ် ရှိကြပါတယ်။

## ဘုရားအလိုတော်ကျ ကျောင်းရေစက်ချ

ရာဇဂြိုဟ်သဌေးကြီးက ကျောင်းပေါင်း(၆၀)ကို တရက်မျှဖြင့် ပြီးအောင် ဆောက်လုပ်စေပြီးတော့ ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်ပြီး ဆွမ်းကပ်ပါတယ်၊ ဆွမ်းကပ်ပြီးတဲ့အခါမှာ ရာဇဂြိုဟ်သဌေးကြီးက မြတ်စွာဘုရားကို ဒီလိုမေးလျှောက်ပါတယ်။

> ဧတေ မေ ဘန္တေ၊ သဋ္ဌိ ဝိဟာရာ ပုညတ္ထိကေန သဂ္ဂတ္ထိကေန ကာရာပိတာ၊ ကထာဟံ ဘန္တေ တေသု ဝိဟာရေသု ပဋိပဇ္ဇာမိ။ (ဝိ—စူဠဝါ နှာ-၂၉၁)

ဘန္တေ၊ မြတ်စွာဘုရား။ မေ၊ တပည့်တော်သည်။ ပုညတ္ထိကေန၊ ကောင်းမှုကုသိုလ်ကို အလိုရှိသည်ဖြစ်၍။ သဂ္ဂတ္ထိကေန၊

နတ်ပြည် နတ်ချမ်းသာကို အလိုရှိသည်ဖြစ်၍။ ဧတေ သဋ္ဌိ ဝိဟာရာ၊ထိုကျောင်း(၆၀)တို့ကို။ ကာရာပိတာ၊ ဆောက်တည် ပြုလုပ်စေအပ်ပါကုန်၏။ (ဒီသဒ္ဒေးလျှောက်တဲ့ စကားထဲမှာ "နတ်ပြည်ချမ်းသာလိုချင်လို့" ဆိုတဲ့ အကြောင်းပြ စကား ကလေးပါတယ်။ အဲဒါကို အထူးသတိပြုကြရမယ်၊ အဲဒါဟာ လူအများ၏ ရည်ရွယ်ရိုးပါပဲ။ အဲဒါကို မြတ်စွာဘုရားကလဲ ပြင်ပြီးဆုတောင်းဖို့ အမိန့်မရှိပါဘူး။ ဒါကိုလဲ သတိပြုကြ ရမယ်။) ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ တေသု ဝိဟာရေသု၊ ထိုခြောက်ဆယ်သော ကျောင်းတို့၌။ ကထံ ပဋိပဇ္ဇာမိ၊ ဘယ်လိုပြုကျင့်ရပါမလဲ, ဘယ်လိုလှူရပါမလဲ အရှင်ဘုရား....လို့ မေးလျှောက်ပါတယ်။ အဲဒီတော့ မြတ်စွာ ဘုရားက ဒီလို ညွှန်ကြားတော်မူပါတယ်။

တေန ဟိ တွံ ဂဟပတိ တေ သဋ္ဌိ ဝိဟာရေ အာဂ-
တာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ။
(ဝိ—စူ ၂၉၁—)

ဂဟပတိ၊ ဒါယကာ သဒ္ဒေး။ တေန ဟိ၊ ထိုသို့ ဖြစ်ပါမူ။ တွံ၊ သင်သည်။ တေ သဋ္ဌိ ဝိဟာရေ၊ ထိုခြောက်ဆယ်သော ကျောင်းတို့ကို။ အာဂတာနာဂတဿ၊ ရောက်ပြီး-ရောက်လာ လတံ့ဖြစ်သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာ၌ရှိသော။ သံဃဿ၊ ရဟန်းအပေါင်းသံဃာအား။ ပတိဋ္ဌာပေဟိ၊ တည် နေပါစေလော့-တဲ့။

မည်သည့်ပုဂ္ဂိုလ်ကိုမျှ မရည်ရွယ်ပဲ အရပ်လေးမျက်နှာမှ ရောက်လာပြီးရော, ရောက်လာလတံ့ရော ရဟန်းအပေါင်း သံဃာ အားလုံးအား တည်နေရအောင် လှူရမယ်လို့ ညွှန်ကြားတော်မူတာပါပဲ။

အဲဒီ ညွှန်ကြားတဲ့အတိုင်းပဲ သဋ္ဌေးက ကျောင်း(၆၀)ကို သံဃာအားလှူပါတယ်၊ အဲဒီကျောင်း အလှူဒါနကို အကြောင်းပြုပြီး မြတ်စွာဘုရားက ကျောင်းအလှူ အနုမောဒနာတရားကို ဟောတော်မူပါတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့ အဲဒီ အနုမောဒနာတရားဟာ အကောင်းဆုံးပဲ၊ အဲဒီ အနုမောဒနာတရားကို ယခု ဟောရမယ်။

### ဘုရားဟော အနုမောဒနာ တရားတော်

သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။

ဒီ ဂါထာစသည်ဟာ (ဝိ-စူ ၂၉၁-ပင်)၊ဒီ အနုမောဒနာ ဂါထာတွေဟာ ယခု ရေးစက်ချမည့် ကျောင်းတော်များနှင့်လဲ ဆိုင်ပါတယ်။

ဝိဟာရော၊ ကျောင်းသည်။ သီတံ၊ အအေး ကိုလည်းကောင်း။ ဥဏှံ၊ အပူကိုလည်းကောင်း။ ပဋိဟန္တိ၊ ပယ်ရှားတတ်၊ ကာကွယ်တတ်၏။ ကျောင်း အဆောက်အဦ ဆိုတာ အအေးကိုလဲ ကာကွယ်တတ် ပယ်ရှားတတ်တယ်။ အပူကိုလဲ ကာကွယ်တတ် ပယ်ရှားတတ်တယ်။ အေးတဲ့ဥတုရာသီ အချိန်

ကာလမှာ မအေးရအောင်၊ ပူတဲ့ဥတုရာသီ အချိန်ကာလမှာလဲ မပူရအောင် ကျောင်းက ကာကွယ်တတ်တယ်။ ဘုန်းကြီးတို့ ဇာတိအရပ် ရွှေဘိုတို့ မန္တလေးတို့ စသည် ဗမာပြည် အလယ်ပိုင်းအရပ်တွေမှာ ပြာသို တပို့တွဲ စသော ဆောင်းရာသီ၌ အလွန်အေးပါတယ်။ အဲဒါထက် ရှမ်းပြည်နယ် တောင်ပေါ် အရပ်တွေမှာ ပိုပြီး အေးပါတယ်။ အဲဒီ ဆောင်းရာသီအတွင်း အဲဒီလို အရပ်များ၌ အကွယ်အကာမရှိတဲ့ ဟင်းလင်းပြင် အရပ်မှာ ဖြစ်စေ၊ သစ်ပင်အောက်မှာ ဖြစ်စေ အလွန်အေးပါတယ်။ နေနိုင်ဘို့ အင်မတန် ခဲယဉ်းပါတယ်၊ ဒီ ရန်ကုန်မှာ တော့ အအေးက သိပ်မဆိုးဘူး၊ အတော်အတန်တော့ သက်သာနေပါတယ်၊ ဒါပေမဲ့ တခါတရံတော့ ဆောင်းခါမှာ အတော်အတန် အအေးများတာလဲရှိတတ်ပါတယ်၊ ဒါကြောင့် အအေးဓာတ်လွန်ကဲနေတဲ့ ထိုထိုအရပ်များ၌ ဆောင်းရာသီမှာ ကျောင်းမရှိပဲ သစ်ပင်အောက် စသည်မှာ နေဖို့ရာ အလွန်ပင် ခဲယဉ်းပါတယ်၊ တရားအားထုတ်နေဖို့ဆိုတော့ သာပြီး ဝန်လေးတတ်ပါတယ်။ ကျောင်းခန်းထဲမှာ ဝင်နေယင်တော့ အအေးက သက်သာနေပါတယ်။

နောက်ပြီးတော့ အပူကလဲ ရွှေဘို မန္တလေး စသော ဗမာပြည် အလယ်ပိုင်းအရပ်များ၌ နွေရာသီမှာ အလွန်ပူပါတယ်၊ ဒီ ရန်ကုန် စသည်မှာလဲ အတော်အတန်လောက်တော့ ပူတာပါပဲ၊ ကျောင်းခန်းထဲမှာ ဆိုယင်တော့ အပူရှိန်ဟာ သက်သာတတ်ပါတယ်၊ တရားအားတုတ်နေယင်း အမှတ်ကောင်းလာယင်လဲ အပူဟာ သက်သာနေတတ်ပါတယ်။

ဘုန်းကြီးတို့ ရွှေဘို ဆိပ်ခွန် မဟာစည်ကျောင်းမှာ နေစဉ် တုန်းက ကဆုန် နယုန်လလောက်မှာ ယောဂီတယောက်ကို မေးကြည့်တဲ့အခါ အဲဒီယောဂီက "တပည့်တော် မှာတော့ တနေ့လုံး ပူမှန်းမသိပါဘူး ဘုရား၊ တနေ့လုံး မှတ်နေရတာ သိပ်ကောင်းနေတာပါပဲ၊ အချိန်က ကုန်မှန်းမသိ ကုန်သွား ပါတယ်''လို့ (သူက) ပြောပါတယ်၊ အဲဒါဟာ သမာဓိရပေကွာ ဉာဏ်လောက်ရောက်နေလို့ အပူသက်သာနေတာပါပဲ။ ကျောင်း ခန်းထဲမှာ နေယင်လဲ အပူဟာ သက်သာသင့်သမျှ သက်သာ တတ်ပါတယ်။

ယခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ခေတ်မှီနည်းဖြင့် ဆောက် လုပ်ထားတဲ့ ကျောင်းခန်းများထဲမှာနေပြီး တရား ရှုမှတ်နေတဲ့ ယောဂီတွေမှာလဲ ပူတဲ့နေ့ရာသီမှာလဲအပူသက်သာနေမှာပါပဲ၊ အေးတဲ့ ဆောင်းရာသီမှာလဲ အအေးသက်သာ နေမှာပါပဲ။ ဒါကြောင့် ဝိဟာရော၊ ကျောင်းသည်။ သီတံ၊ အအေးကို လည်းကောင်း။ ဥဏှံ၊ အပူကိုလည်းကောင်း။ ပဋိဟန္တိ၊ ပယ် ဖျောက်တတ်- ကာကွယ်တတ်၏-လို့ မြတ်စွာဘုရားက ဟော ထားပါတယ်။

နောက်ပြီးတော့ ကျောင်းက သက်မဲ့ဘေးရန်ကိုသာ ကာ ကွယ်တတ်တာ မဟုတ်သေးဘူး၊ သက်ရှိ ဘေးရန်တွေကိုလဲ ကာကွယ်တတ်သေးတယ်။ ဒါကြောင့် တတော၊ ထိုမှတပါး။ (တချို့ဆရာတွေက ဒီပုဒ်ကို ပဌမာဝိဘတ်အနက် ကြံဆပြီး တော့ တတော၊ ထိုကျောင်းသည်-လို့လဲ အနက်ပြန်ကြပါသေး

တယ်။ ရှေး၌ ဝိဟာရော ဆိုတဲ့ပုဒ်ကို တိုက်ရိုက် ပြမထားခဲ့သေးပဲ ဒီနေရာမှာ အဲဒီပုဒ်ရဲ့အစား သဗ္ဗနာမ်ပုဒ်ကို ပြဆိုထားတယ်လို့ မယူသင့်ပါဘူး၊ ဒါကြောင့် ဒီနေရာမှာလဲ ဝိဟာရော၊ ပုဒ်ကို မြှုပ်ထားတယ်လို့ ယူပြီးတော့ ထိုမှတပါး-လို့ အနက်ပြန်ပါတယ်။ နောက်ဂါထာမှာ တတော- ပုဒ်ကျတော့လဲ နည်းတူပင် မှတ်ပါ။) တတော၊ ထိုမှတပါး။ ဝါဠမိဂါနိ စ၊ သားရဲတို့ကိုလဲ။ ပဋိဟန္တိ၊ ကာကွယ်တတ်၏။

ရှေးက ရဟန်းတော်များ တရားအားထုတ်နေကြတယ်- ဆိုတာဟာ အိန္ဒိယနိုင်ငံမှာ လူသူမနီးတဲ့ တောအရပ်မှာပဲ အားထုတ်နေကြတာက များပါတယ်၊ အဲဒီလို တောအရပ်ထဲမှာ ခြင်္သေ့တို့၊ ကျားတို့၊ ကျားသစ်တို့၊ ဝက်ဝံတို့ ဆိုတာတွေကလဲ ရှိတတ်ကြပါတယ်၊ ဗမာပြည်မှာလဲ တချို့ တောအရပ်တွေမှာ အဲဒီလို သားရဲ တိရစ္ဆာန်တွေ ရှိတတ်တာပါပဲ၊ အဲဒီ သားရဲတွေက အန္တရာယ်ပြုတတ်ကြပါတယ်၊ ကျောင်းခန်းထဲမှာ ဝင်နေယင်တော့ အဲဒီလို ဘေးရန် အန္တရာယ်မှ ကင်းရှင်းနိုင်ပါတယ်၊ အနှောင့်အယှက်မရှိပဲ စိတ်ချလက်ချနဲ့ တရားကို အားထုတ်နိုင်ပါတယ်။

နောက်ပြီးတော့၊ သရီသပေ စ၊ မြွေကင်း တို့ကိုလည်းကောင်း။ မကသေ စ၊ ခြင်မှက်တို့ကိုလည်းကောင်း။ ပဋိဟန္တိ၊ ကာကွယ်တတ်၏။ တောထဲက မြေပြင်မှာ နေယင် မြွေတို့ ကင်းတို့ဆိုတာ ကိုက်တတ်ကြပါတယ်၊ ကျောင်းခန်းထဲ ဝင်နေယင်တော့ အဲဒီ မြွေကင်း အစရှိတဲ့ ဘေးရန်တွေမှ လွတ်

ကင်းနိုင်ပါတယ်၊ တရားကိုလဲ စိတ်ချလက်ချနဲ့ အားထုတ်နိုင်ပါတယ်။

ယခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက စနစ်တကျ ခေတ်မှီဆောက်လုပ်ထားတဲ့ ကျောင်းတွေထဲမှာတော့ ခြင်-မှက်-ယင်တွေတောင် မဝင်နိုင်အောင် ခြင်ဆန်ကာ အကာအရံတွေပါတပ်ဆင်ထားတဲ့အတွက် ကောင်းကောင်း လုံခြုံနေပါတယ်၊ ဒါကြောင့် အဲဒီ ကျောင်းထဲမှာ တရားနာနေကြ တရားအားထုတ်နေကြတဲ့သူတွေမှာ ခြင်-မှက်-ယင်ဘေးတွေမှ ကင်းလွတ်ပြီး ချမ်းသာနေတို့ ထင်ရှားပါတယ်။

နောက်ပြီးတော့ သိသိရေ စ၊ အလွန်အေးမြသော နှင်းလေတို့ကိုလည်းကောင်း။ ဝုဋ္ဌိယော စ၊ မိုးရေအယဉ်တို့ကိုလည်းကောင်း။ ပဋိဟန္တိ၊ ကာကွယ်တတ်၏။ ဆီးနှင်းတွေကျတဲ့အရပ်ဒေသမှာ ဟင်းလင်းပြင်၌ နေယင် အအေးမိပြီးရောဂါလဲ ဖြစ်နိုင်တယ်၊ သေလဲ သေနိုင်တယ်၊ ကျောင်းခန်းထဲမှာဝင်နေယင်တော့ အဲဒီလို ဘေးရန်တွေမှ ကင်းပြီး ချမ်းချမ်းသာသာနဲ့ တရားကိုလဲ အားထုတ်နိုင်ပါတယ်၊ အဲဒါတွေဟာကျောင်းအလှူဒါနကြောင့် ရဟန်းတွေ, ယောဂီတွေမှာ လက်ငင်းရတဲ့ အကျိုးတွေပါပဲ။ ကျောင်းဒကာ ကျောင်းအမတွေမှာလဲ အဲဒီလိုအကျိုးတွေကိုရအောင် လှူဒါန်းကြတဲ့အတွက်ဘေးရန်အန္တရာယ်များမှ ကင်းပြီး အလိုရှိတဲ့ ကောင်းကျိုးချမ်းသာတွေကို အပြည့်အစုံရသွားတတ်ပါတယ်၊ဒီလို ဘေးရန်အန္တရာယ်တွေကင်းပြီး အလိုရှိတဲ့ကောင်းကျိုး ချမ်းသာတွေကို

ရသွားတယ်ဆိုတာဟာ မြတ်စွာဘုရား ဟောထားတဲ့ ဒီ ပါဠိ ဂါထာ ဒေသနာတော်အရပါပဲ။ အဲဒီပါဠိဂါထာကို ဘုန်းကြီးက "အေးပူစသား၊ ဘေးရန်များ၊ ပယ်ရှားကင်းစေသည်" လို့ ဆောင်ပုဒ်ကလေး စီထားပါတယ်။ အအေးအပူစသော ဘေးရန်တွေကို လှူထားတဲ့ကျောင်းက ကာကွယ်တတ်တယ်။ ကင်းစေတယ်လို့ ဆိုလိုပါတယ်။ အဲဒီအထဲမှာ စသား (အစရှိသော)ဆိုတဲ့ စကားဖြင့် သားရဲ, မြွေ, ကင်း, ခြင်,မှက်, နှင်းလေ, မိုးရေယဉ် အစရှိတဲ့ ဘေးရန်တွေကို အကျဉ်းချုံးပြီး ပြထားတာပါပဲ။ ကဲ....အဲဒါကို ဆိုကြရမယ်။

အေး-ပူ-စသား၊ဘေးရန်များ၊ပယ်ရှားကင်းစေသည်။(ဆို)

နောက်ပြီးတော့—

တတော ဝါတာတပေ ဃောရေ၊ သဉ္ဇာတော
ပဋိဟညတိ-တဲ့။

တတော၊ ထို့ပြင်။ သဉ္ဇာတော၊ ဖြစ်ပေါ် လာသော။ ဃောရေ၊ကြမ်းတမ်းသော။ ဝါတာတပေ၊လေပြင်း နေပူရှိန်ကို။ ပဋိဟညတိ၊ပယ်ဖျောက် ကာကွယ်အပ်သေး၏-တဲ့။ လေပြင်းလေကြမ်းတွေ၊ အလွန်ပူပြင်းတဲ့ နေရောင်ခြည် အပူရှိန်တွေကိုလဲ ကျောင်းက ကာကွယ်ပေးတတ် ပါသေးတယ်တဲ့။ အဲဒါကတော့ သိနားလည်ရန် ထင်ရှားနေပါပြီ၊ ကျောင်းခန်းထဲမှာ ဝင်နေယင် လေပြင်းဒဏ်မှလဲ လွတ်ကင်းတယ်။ နေပူရှိန်ဒဏ်မှလဲ လွတ်ကင်းတယ်လို့ သိစေလိုပါတယ်။ နောက်ပြီးတော့

လောကတ္ထစ္စ သုခတ္ထစ္စ၊ ဗျာယိတုဥ္စ ဝိပဿိတုံ-တဲ့။

လောကတ္ထစ္စ၊ ကိန်းအောင်းရန်လဲ ဖြစ်ပေ၏။ ကျောင်းဆိုတာ ဆိတ်ဆိတ်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ကိန်းအောင်းနေဖို့ ရာလဲ ဖြစ်ပါတယ်-တဲ့။ သုခတ္ထစ္စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ရန်လည်း ဖြစ်ပေ၏။ နေ့ခင်းဖြစ်ဖြစ်, ညခင်းဖြစ်ဖြစ် ကျောင်း ခန်းထဲ ဝင်နေလို့ရှိယင် ကိုယ်ရော စိတ်ပါ ချမ်းသာနေပါ တယ်တဲ့။ ဒါကတော့ အလွန်ထင်ရှားနေပါပြီ။ ယခုဗုဒ္ဓသာ သနာ နုဂ္ဂဟအဖွဲ့ကြီးက ခေတ်မှီ စနစ်တကျ ဆောက်လုပ်ပြီး လှူထားတဲ့ ကျောင်းအဆောက်အဦတွေဟာ ကြည့်ရှုပြီး မြင်ရ ရုံနဲ့တောင် စိတ်ရွှင်လန်းပြီး ဝမ်းသာစရာ ဖြစ်နေကြပါတယ်။ ဘုန်းကြီးနေရာကျောင်းနဲ့ တစပ်ထဲဆောက်လုပ်ထားတဲ့ စင်္ကြံ ကျောင်းတော်ကို လာရောက်ကြတဲ့ ပုဂ္ဂိုလ်တိုင်း ကြည့်ရှုပြီး ဝမ်းမြောက်သွားကြတာချည်းပဲ။ ဘုန်းကြီးနှင့်တကွ ဒီရိပ်သာ ထဲမှာ နေကြတဲ့ ရဟန်းတွေဟာ အဆင်ပြေတဲ့ကျောင်းတွေကို မှီပြီး နေကြလျက် ရှုမှတ်မှု ဝိပဿနာကုသိုလ်တွေ စွမ်းနိုင်သမျှ ဖြစ်ပွားချမ်းသာ နေကြရပါတယ်။ ဒါကြောင့်ဒီကျောင်းတော် တွေကို လှူဒါန်းကြတာဟာ ချမ်းသာတွေ ဖြစ်ပွားအောင် လှူရာလဲ ရောက်ပါတယ်။ အင်မတန် ဝမ်းသာစရာ ကောင်းပါ တယ်။ အဲဒီဒေသနာစာပိုဒ်ကို ဘုန်းကြီးက ကိန်းအောင်းနေရန် ချမ်းသာရန် အမှန်ဖြစ်ပေသည်-လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊ အမှန်ဖြစ်ပေသည်။ (ဆို)

နောက်ပြီးတော့ ဈာယိတုဥ္စ၊ သမထဈာန်ဝင်စားရန် အလို့ငှါလဲ ဖြစ်ပေ၏။ အပြင်ဖက်မှာဆိုယင် ဟိုအာရုံ ဒီအာရုံ တွေဆီကို ရောက်ပြီး စိတ်ပျံ့လွင့်နေတတ်တယ်။ ကျောင်းခန်း ထဲမှာနေပြီးသမထဘာဝနာကို နှလုံးသွင်းနေယင်တော့အပြင်ပ အာရုံတွေဆီ မရောက်ရတဲ့အတွက် စိတ်မပျံ့လွင့်ပဲ စိတ်တည် ကြည်မှု သမာဓိဖြစ်ဖို့ အဆင်သင့်ပါတယ်။ ဒါကြောင့် တည်မှီ နေရာ ကျောင်းက စိတ်တည်ကြည်ရန် ဈာန်ဝင်စားရန်လဲ ဖြစ်ပါတယ်တဲ့။

နောက်ပြီးတော့−ဝိပဿိတုံ စ၊ ဝိပဿနာရှုရန်အလို့ငှာလဲ ဖြစ်ပေ၏။ ဝိပဿနာ-ဆိုတာ ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် အမှန်အတိုင်းသိအောင် ရှုရတာပဲ၊ အဲဒီလို အမှန်အတိုင်း ကိုယ်တွေ့ပြီးသိတဲ့ ဉာဏ်ကလဲ စိတ်တည် ကြည်မှု သမာဓိရမှ ဖြစ်တယ်။ အပြင်ဖက်မှာ နေယင်တော့ ဟိုဟာမြင် ဒီဟာမြင် ဟိုရောက် ဒီရောက်နဲ့ စိတ်ပျံ့လွင့်ပြီး သမာဓိ မဖြစ်ပဲ ရှိတတ်တယ်။ သမာဓိမဖြစ်တော့ ကိုယ်တိုင် တွေ့ပြီးသိတဲ့ ဝိပဿနာဉာဏ်အစစ်ကလဲ မဖြစ်ပဲ ရှိတတ်တယ်။ နောက်ပြီးတော့ အပြင်ဖက်မှာနေယင် အအေးအပူ ခြင် ယင် အစရှိတဲ့ ဘေးရန်တွေကြောင့်လဲ ရှုမှတ်လို့ မကောင်းပဲ ရှိနေ တတ်တယ်။ ကျောင်းခန်းထဲမှာနေယင်တော့ အဲဒီအန္တရာယ် တွေ ကင်းနေတဲ့အတွက် စိတ်တည်ကြည်မှု သမာဓိဖြစ်ပြီး ဝိပဿနာဉာဏ်လဲ ဖြစ်လွယ်တတ်ပါတယ်။ ဒါကြောင့် တည်မှီ နေရာကျောင်းက ဝိပဿနာရှုသိဖို့လဲ ဖြစ်ပါတယ်တဲ့။ အဲဒီ ပါဠိ

၂-ပုဒ်ကို စျာန်ဝင်စားရန်၊ ရှုမှတ်ရန် ကေန်သင့်ပေသည်လို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

စျာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ကေန်သင့်ပေသည်။ (ဆို)

နောက်ပြီးတော့....

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ၊တဲ့။

သံဃဿ၊ သံဃာတော်အား။ ဝိဟာရဒါနံ၊ ကျောင်း အလှူကို။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ ဗုဒ္ဓေန၊ မြတ်စွာဘုရားက။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်၏။ ကျောင်းဆောက်ပြီး သံဃာ တော်အား လှူတာကို အမြတ်ဆုံးလို့ မြတ်စွာဘုရားက ချီးမွမ်း တော်မူပါတယ်-တဲ့။ သံဃာတော်အား ဆွမ်းကို လှူ တာ, သင်္ကန်းကို လှူတာ, ဆေးပစ္စည်းကို လှူတာတွေဟာ မြင့် မြတ်တာတွေပါပဲ၊ ဒါပေမဲ့ ကျောင်းလှူတာကိုတော့ အမြတ် ဆုံးလို့ မြတ်စွာဘုရားက ချီးမွမ်းထားတော်မူပါတယ်၊အဲဒါကို ဘုန်းကြီးက — ကျောင်းလှူဒါန၊ ကျိုးကြီးလှ၊ ဗုဒ္ဓ ချီးကျူး သည်-လို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ကျောင်းလှူဒါန၊ ကျိုးကြီးလှ၊ ဗုဒ္ဓချီးကျူးသည်။ (ဆို)

အဲဒီလို ကျောင်းအလှူဟာ အကျိုးအကြီးဆုံး အမြတ်ဆုံး ဖြစ်တဲ့အတွက် သံသရာတလျှောက်လုံး ချမ်းသာဘို့အရေးကို မြော်တွေး သိမြင်နိုင်တဲ့ပုဂ္ဂိုလ်ဟာ ကျောင်းများကို ဆောက် လုပ်ပြီး လှူရမယ်၊ အဲဒီ ကျောင်းတွေနဲ့စပ်ပြီး အကြားအမြင်

များကြတဲ့ ကြည်ညိုဖွယ်ဂုဏ်ပြည့်စုံကြတဲ့ ရဟန်းတော်တွေကို ပင့်တင်ပြီး ကိုးကွယ်ကြရမယ်၊ ဆွမ်း,အဖျော်,သင်္ကန်း,နေရာ, အိပ်ရာတို့ကိုလဲ ပေးလှူရမယ် ဆိုတာကိုလဲ ဒီလို ပြောပြထားပါတယ်။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
သမ္ပဿံ အတ္ထ မတ္တနော။
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။
တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ-တဲ့။

တသ္မာ၊ ထိုသို့ပေးလှူတာဟာ အမြတ်ဆုံး ဒါနဖြစ်သောကြောင့်။ ပဏ္ဍိတော၊ အသိဉာဏ်ပညာရှိသော။ ပေါသော၊ ပုဂ္ဂိုလ်သည်။ အတ္တနော အတ္ထံ၊ မိမိ၏အကျိုးကို။ သမ္ပဿံ၊ မြော်မြင်လျက်။ ရမ္မေ ဝိဟာရေ၊ နှလုံး မွေ့လျော်ဘွယ် ရှိသောကျောင်းတို့ကို။ ကာရယေ၊ ဆောက်လုပ်စေ၍ ပေးလှူရာ၏။ ဧတ္ထ၊ ဤကျောင်းတို့၌။ ဗဟုဿုတေ၊ အကြားအမြင်များသော ရဟန်းတို့ကို။ ဝါသယေ၊ သီတင်းသုံး နေထိုင်စေရာ၏။ တေသံ၊ ထိုကျောင်းနေ ရဟန်းတို့အား။ အန္နဉ္စ၊ ဆွမ်းကိုလည်း။ ပါနဉ္စ၊ အဖျော်ကိုလည်း။ ဝတ္ထသေနာသနာနိ စ၊ သင်္ကန်းနှင့် နေထိုင်စရာ, အိပ်စရာ အသုံးအဆောင်တို့ကိုလည်း။ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ၊ ဖြောင့်မတ်စွာဖြစ်ကြသည့် အရိယာတို့၌ ကြည်ညိုသောစိတ်ဖြင့်။ ဒဒေယျ၊ ပေးရာ လှူရာ၏—တဲ့။

ဒါဟာ ကျောင်းဆောက်လှူဘို့နဲ့ ဆွမ်း စသည်တို့ကိုလဲ လှူဖို့အတွက် မြတ်စွာဘုရားက တိုက်တွန်းတဲ့ စကားတော် ပါပဲ။

ဗဟုသုတရှိတဲ့ ဘုန်းကြီး ကိုးကွယ်ရမည်တဲ့။

အဲဒီထဲမှာ အရေးကြီးတာကတော့ ဗဟုသုတနဲ့ ပြည့်စုံတဲ့ ရဟန်းများကို ကိုးကွယ်ရမယ်ဆိုတဲ့ စကားကလေးပါပဲ၊ အဲဒါ အရေးကြီးလို့ မြတ်စွာဘုရား ကိုယ်တော်တိုင် ညွှန်ပြတော်မူခဲ့ တာပါပဲ။ ငွေတွေ အမြောက်အမြား အကုန်ခံပြီး ကျောင်း တွေကို ဆောက်လှူတာရယ်၊ အဲဒီကျောင်းတွေမှာ ပင့်တင်ပြီး ရဟန်းတွေကို ဆရာအဖြစ်နဲ့ ကိုးကွယ်တာရယ်၊ ဒါတွေဟာ အလွန်အရေးကြီးပါတယ်၊ အဲဒါတွေဟာ လူ့ချမ်းသာ, နတ် ချမ်းသာ, နိဗ္ဗာန်ချမ်းသာကို ရချင်လို့ အဲဒီ ချမ်းသာတွေကို ရကြောင်း ကုသိုလ်အထူးတွေကိုလဲ ရချင်လို့ ကိုးကွယ်ကြရတာ ပါပဲ၊ အဲဒီတော့ ကျောင်းဒကာ ကျောင်းအမတွေကို အသိ အလိမ္မာပေးနိုင်တဲ့, ကုသိုလ်အထူးဖြစ်ပွားအောင် ဟောကြား ညွှန်ပြနိုင်တဲ့ ဆရာရဟန်းကိုလဲ လိုနေပါတယ်။ ဒါကြောင့် အဲ့ဒီဂါထာ၏ အဋ္ဌကထာ (စူဠဝါ၊ ဠ နှာ ၅၇)မှာ—

ပရိယတ္တိဗဟုဿုတေ စ၊ စာပေ ပရိယတ် အကြား သုတရှိ သော ရဟန်းတို့ကိုရင်း။ ပဋိဝေဓဗဟုဿုတေ စ၊ ဉာဏ်အတွေး အမြင် သုတရှိသော ရဟန်းတို့ကိုရင်း။ ဝါသယေ၊ သီတင်း သုံးနေထိုင်စေရမယ်-လို့ ဖွင့်ပြထားပါတယ်။

စာပေ ပရိယတ် ဗဟုသုတဆိုတာ စာပေကျမ်းဂန် တတ်သိတာကို ဆိုတာပဲ၊ အဲဒါကတော့ ကိုယ်ပိုင်ဉာဏ်နဲ့ တွေ့သိတာ မဟုတ်သေးဘူး၊ သင်ကြားနာကြားပြီး သဘောကျရုံမျှသာ ရှိပါသေးတယ်၊ ဒါကြောင့် ရှေးဆရာတွေက အဲဒီလိုသိတာကို သုတ-အကြားလို့ ပြန်ဆိုခဲ့ကြပါတယ်။

ပဋိဝေဓ-ဆိုတာကတော့ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိတာကို ဆိုတာပါပဲ၊ အဲဒါဟာ အမြင့်မြတ်ဆုံးဆိုယင်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တွေ့မြင်တာပါပဲ၊ ဩမကနည်းအရဆိုယင်တော့ ဥပစာသမာဓိ, အပ္ပနာစျာန်သမာဓိတွေ, ဝိပဿနာဉာဏ်တွေကိုလဲ ယူရပါတယ်၊ ဒါကြောင့် ကျောင်းထိုင်ဘုန်းကြီးအဖြစ်ဖြင့် တင်ထားကိုးကွယ်ရမည့် ရဟန်းတော်ဟာ စာပေကျမ်းဂန် တတ်ဖို့လဲ လိုပါတယ်၊ သမာဓိတရား, ဝိပဿနာတရားကို ထိထိမိမိ အားထုတ်ဘူးဖို့လဲ လိုပါတယ်၊ ပြည့်စုံနိုင်မယ်ဆိုယင်တော့ မဂ်ဖိုလ်ဉာဏ်များနှင့် ပြည့်စုံဖို့လဲ လိုပါတယ်။ အဲဒီအထဲမှာ မဂ်ဖိုလ်ဉာဏ်နှင့် ပြည့်စုံတယ်, မပြည့်စုံဘူး ဆိုတာကိုတော့ သိဖို့ မလွယ်ပါဘူး၊ သမထတရား, ဝိပဿနာတရားကို အချို့တကျ အားထုတ်ဘူးတယ်, အားမထုတ်ဘူးဘူး ဆိုတာကိုတော့ သိဖို့ လွယ်ပါတယ်။ ဒါကြောင့် စာပေကျမ်းဂန် အရာမှာ လမ်းမှန်ကို ဟောနိုင်လောက်အောင် တတ်သိတဲ့ဂုဏ်, သမထ ဝိပဿနာအလုပ်ကို ကျကျနန အားထုတ်ဘူးတဲ့ဂုဏ် ဆိုတဲ့ ဒီဂုဏ် ၂-မျိုးနဲ့ ပြည့်စုံတဲ့ ဆရာဘုန်းကြီးကို မိမိတို့ကျောင်းမှာ ပင့်တင်ပြီး ကိုးကွယ်ဖို့ လိုပါတယ်။ အဲဒီလို

အချိုးတကျ ကိုးကွယ်နိုင်မှ — တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ·လို့ ဟောထားတဲ့ ဝိ–စူ–ပါဠိတော်နှင့်အညီ အကျိုး အစစ်အမှန်ကိုလဲ ရနိုင်ပါတယ်။ အဲဒီပါဠိ၏ အနက် ကတော့—

တေ၊ ထိုကျောင်း၌နေထိုင်ကြသော ရဟန်းတော်တို့သည်။ တဿ၊ ထို ကျောင်းဒါယကာအား။ သဗ္ဗဒုက္ခာပနူဒနံ၊ ဆင်းရဲ အားလုံးကို ပယ် ဖျောက် တတ် သော။ ဓမ္မံ၊ တရားစစ်ကို။ ဒေသေန္တိ၊ ဟောကြားလေကုန်၏·တဲ့။ အတိုချုပ်အားဖြင့်တော့ ဆင်းရဲငြိမ်းကြောင်း တရားမှန် ဟောပြလို့ ကျောင်းအလှူရှင် ဟာ တရားမှန်ကို နာကြားရပါတယ်လို့ ဆိုတာပါပဲ။ အဲဒါကို ဆင်းရဲပယ်ရှား၊ မြတ်တရား၊ နာကြားရပြန်သည် လို့ ဆောင် ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ဆင်းရဲပယ်ရှား၊ မြတ်တရား၊ နာကြားရပြန်သည်။ (ဆို)

## အမြင့် အမြတ်ဆုံး အကျိုး

အဲဒီလိုတရားတော်ကို နာကြားရတော့ ဘာဖြစ်တုံးဆိုယင်

ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ နာသဝေါ·တဲ့။

ယံ၊ ကျောင်းနေ ရဟန်းတော်တို့က ဟောသော ဆင်းရဲ ငြိမ်းကြောင်း—ယင်းတရားကို။ သုတွာ၊ ကြားနာရ၍။ သော၊ ထိုကျောင်းဒါယကာသည်။ ဓမ္မံ၊ သစ္စာလေးတန် တရားမှန်ကို။ ဣဓ၊ ဤ မျက်မှောက်ဘဝ၌ပင်လျှင်။ အညာယ၊ သိ၍။

အနာသဝေါ၊ အာသဝေါကင်းကွာ ရဟန္တာဖြစ်၍။ ပရိ-နိဗ္ဗာတိ၊ ဆင်းရဲခပ်သိမ်း ငြိမ်းလေတော့၏-တဲ့။

တရားနာပြီးကျောင်းဒကာမှာ ပရိနိဗ္ဗာတိ၊ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားတယ်- လို့ ဖော်ပြတာကတော့ အကြောင်း ညီညွတ်ယင် ယခုဘဝတွင်ပဲ ရဟန္တာဖြစ်နိုင်တယ်-လို့ ဥက္ကဋ္ဌ နည်းဖြင့် ဟောပြတော်မူတာပေါ့၊ ပါရမီ မရင့်သေးယင် တော့ အနာဂါမ် သကဒါဂါမ် သောတာပန်လောက် ဖြစ်နိုင် တယ်-ဆိုတာ မှတ်သိကြဖို့ပါဘဲ၊ သောတာပန်အောင် မဖြစ် နိုင်သေးယင်လဲ ယခုဘဝမှာ ဝိပဿနာဉာဏ်ထူးများ ဖြစ်သင့် သလောက် ဖြစ်ပြီးတော့ နောက်ဘဝတွေထဲမှာ မကြာမီ အတွင်း သောတာပန် စသည်ဖြစ်ပြီး ရဟန္တာအထိ ဖြစ်သွား နိုင်တယ်ဆိုတာ သိနားလည်ကြဖို့ပါပဲ။ အဲဒါကိုလဲ—ကျောင်း အလှူ့ရှင်၊ တရားမြင်၊ ခုပင် ငြိမ်းနိုင်သည်-လို့ ဆောင်ပုဒ်စီ ထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ကျောင်းအလှူ့ရှင်၊ တရားမြင်၊ ခုပင် ငြိမ်းနိုင်သည်။ (ဆို)

ယခုဟောပြခဲ့တဲ့ (သီတံ ဥဏှံ ပဋိဟန္တိ- မှ စ၍ ပရိနိဗ္ဗာတိ နာသဝေါ)တိုင်အောင် ဂါထာ ၅-ပုဒ် တရားတော်ဟာ ဗုဒ္ဓ သာသနာတော် ဖြစ်ထွန်းခါစက ရှစ် လ လောက် အတွင်း၌ အစဆုံး ကျောင်းဆောက်လှူတဲ့ ရာဇဂြိုဟ်သဋ္ဌေးအား မြတ် စွာဘုရားက စပြီး ဟောတော်မူတဲ့ ကျောင်းအလှူ အနုမော ဒနာ တရားတော် ဖြစ်ပါတယ်။ နောက်ကာလမှာ သာဝတ္ထိ

ပြည်တွင် ဇေတဝန်ကျောင်းတော်ကို လှူဒါန်းသော အနာထပိဏ် သဌေးကြီးအားလဲ ဒီဂါထာ (၅)ပုဒ်ကိုပင် ကျောင်းအနုမောဒနာ အဖြစ်ဖြင့် မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်။ ဒါကြောင့် ယခုဟောပြသော ဂါထာ ၅-ပုဒ်ဟာ မြတ်စွာဘုရားက ကိုယ်တော်တိုင် ဟောတော်မူခဲ့သော ကျောင်းအလှူဒါန၏ အနုမောဒနာ အမြင့်မြတ်ဆုံး တရားတော်ဖြစ်ပါတယ်။ ဒါလောက်ဆိုယင် ယခု ရေစက်ချ လှူဒါန်းမည့် ကျောင်းတော်များအတွက် အနုမောဒနာတရားပြည့်စုံပါပြီ။

ယခုတော့ ရေစက်ချမည့် အစီအစဉ်လောက်သာ ပြောပြဖို့ လိုပါတော့တယ်။

ဒါပေမယ့် လွန်ခဲ့တဲ့ ၁၃၃၀-ခုနှစ်က ဘုန်းကြီး ယခုနေဆဲဖြစ်တဲ့ကျောင်းကို ရေစက်ချ လှူဒါန်းစဉ်တုန်းက ဟောခဲ့တဲ့ တရားအနည်းငယ်လဲ ဟောပြဖို့ လိုပါသေးတယ်။ ဒါကြောင့် အဲဒါကိုလဲ အကျဉ်းချုပ်ဟောပြပါဦးမယ်။

အဲဒါက ဘယ်လိုဟာလဲဆိုတော့—ဝေလာမသုတ်မှာ ဖော်ပြထားတဲ့ တရားတော်ပါပဲ၊ ဖော်ပြထားပုံကတော့—ရှေးက ဝေလာမ ဆိုတဲ့ ဘုရားအလောင်းတော် ပုဏ္ဏားသဌေးကြီးဟာ ၁၂-ယူဇနာကျယ်တဲ့ နယ်ပယ်ထဲမှာ ထမင်းချက်ရုံတွေ နေသားတကျ ပြုလုပ်ပြီးတော့ ၇-နှစ် ၇-လ ပတ်လုံး လာလာသမျှ

လူတွေကို ချက်ပြုတ်ပြီး ကျွေးမွေးလှူဒါန်းခဲ့ပါသတဲ့။ နောက်ဆုံးမှာ ကုဋေပေါင်းများစွာသော ရွှေငွေ အဝတ်အထည်စသည်တွေကိုလဲ လှူဒါန်းခဲ့ပါသတဲ့။ အဲဒါဟာ အလှူကြီးကျယ်တဲ့ အလှူဖြစ်သောကြောင့် အကျိုးပေးပုံကလဲ အလွန်ကြီးကျယ်မယ်ဆိုတာ အလွန်ထင်ရှားပါတယ်။ ဒါပေမယ့် အဲဒီဝေလာမအလှူထက် သောတာပန်တပါးအား ကျွေးလှူတာက ပိုပြီး အကျိုးများတယ်လို့ မြတ်စွာဘုရားက ဟောပြတော်မူခဲ့ပါတယ်။

နောက်ပြီးတော့ သောတာပန်တရာအား ကျွေးလှူတာထက် သကဒါဂါမ်တပါးအား ကျွေးလှူတာက ပိုပြီးအကျိုးများတယ်။ သကဒါဂါမ်တရာထက် အနာဂါမ်တပါးအား ကျွေးလှူတာ ပိုပြီးအကျိုးများတယ်။ အနာဂါမ်တရာထက် ရဟန္တာတပါးအား ကျွေးလှူတာက ပိုပြီးအကျိုးများတယ်။ ရဟန္တာတရာထက်ပစ္စေကဗုဒ္ဓါတပါးအား ကျွေးလှူတာကပိုပြီး အကျိုးများတယ်။ ပစ္စေကဗုဒ္ဓါတရာထက် ဗုဒ္ဓမြတ်စွာဘုရားအား ဆွမ်းကပ်လှူဒါန်းတာက ပိုပြီး အကျိုးများတယ်။ ဘုရားအား ကပ်လှူတာထက် ဘုရားအမှူးရှိသော သံဃာတော်အားကပ်လှူတာကပိုပြီးအကျိုးများတယ်တဲ့။ အဲဒီဝေလာမအလှူမှစပြီး ဘုရားအမှူးရှိတဲ့ သံဃာအထိ ကျွေးမွေးကပ်လှူတဲ့ ဆွမ်းအလှူဟူသမျှ ထက်လေးပင်တိုင်မျှကျောင်းကိုသံဃာတော်အားလှူတာက ပိုပြီးအကျိုးများတယ်လို့လဲ မြတ်စွာဘုရားက ဟောတော်မူပါတယ်။

အဲဒီဘုရားဟော ဒေသနာတော်အရ စဉ်းစားဆင်ခြင်ကြည့် ရလျှင် ယခု မဟာစည်သာသနာ့ရိပ်သာထဲမှာ ရဟန်းသံဃာ များရော ယောဂီများရော ရည်ညွှန်းပြီး ကျောင်းအဆောက် အဦများရော မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်များရော ရေစက်ချလှူဒါန်းကြရတာဟာအကြီးအကျယ်အကျိုးများမှာ ဖြစ်သောကြောင့် အလွန်ပင်ဝမ်းမြောက်အားရစရာ ကောင်းလှ ပါပေတယ်။

## ရေစက်ချလှူဒါန်းရန် ညွှန်ပြချက်

ယခုရေစက်ချပုံ အစီအစဉ်ကို အနည်းငယ် ပြောပြပါမည်။ ဘုရားလက်ထက်တော်ကာလတုန်းက ရေစက်ချတာဟာ အလှူ ရှင်က ရည်ရွယ်ရင်းရှိသည့်အတိုင်း လျှောက်ပြီး အတိုချုပ်မျှပဲ ရှိခဲ့ပါတယ်။ ယခုကာလမှာတော့တော်တော်ရှည်ရှည် ရွတ်ဆိုပြီး ရဟန်းတော်များက ရေစက်ချပေးကြလေ့ရှိပါတယ်။ တချို့က ပါဠိနှင့်အနက် တွဲစပ်ပြီး ရေစက်ချ ပေးကြတာလဲ ရှိတယ်။ ဒါပေမယ့် ပါဠိနှင့်ဗမာစကားကို တွဲစပ်ပြီး ရေစက်ချတာက တော့ မလိုပါဘူး၊ သို့သော်လဲ ဗမာစကားသက်သက်ဖြင့်သာ ဆိုယင်တော့ ခမ်းနားမှု လိုနေသေးတယ်လို့ တချို့က ထင်မြင် ဖွယ် ရှိပါတယ်။ ဒါပေမယ့် ဗမာစကားသက်သက်နဲ့ ရေစက်ချ ပေးယင်လဲ ပြည့်စုံနေတာပါပဲ။ သို့သော်လည်း ယခုအလှူမှာ အလွန်ကြီးမြတ်တဲ့ ကျောင်းတွေလဲ ပါရှိနေတဲ့အတွက် အထူး လေးစားကြရအောင် ဘုန်းကြီးက ပါဠိသက်သက်ဖြင့်လဲဖော်ပြ ပေးမယ်။ ဒါပေမယ့် အဲဒီပါဠိသက်သက် ဖော်ပြနေခိုက်မှာ

တော့ အလှူရှင်တွေက လိုက်ပြီးရွတ်ဆိုရန်လဲ မလိုပါဘူး။ စိတ်ဖြင့် စွမ်းနိုင်သမျှ အာရုံပြုနေကြရုံပါပဲ။ အဲဒီပါဠိရေစက်ချ စာကို ရွတ်ပြပြီးတော့ ဗမာဘာသာဖြင့် ရွတ်ဆိုပြတဲ့အခါကျ တော့ အားလုံးအလှူရှင် ဒကာဒကာမတွေ လိုက်ဆိုပြီး ရေစက် ချကြဖို့ပါပဲ။

က-အခု ပါဠိရေစက်ချကို ရွတ်ဆိုပြမယ်။

## ကျောင်းဆောင်သစ် ၄-ခုအတွက်

# ပါဠိဘာသာ ရေစက်ချ စာတမ်း

မယံ ဘန္တေ သမသဒ္ဓါ သမဆန္ဒာ သမစိတ္တာ သင်္ဂမ္မ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ, နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမသ္မိံ သာသနာ့ရိပ်သာ အာရာမေ သာမိကေဟိ အဋ္ဌတိံသကဟာပဏသတသဟဿေဟိ ကာရာပိတာနံ စတုန္နံ မဟာဝိဟာရာနံ ဒါနပူဇနတ္ထာယ သန္နိပါတမင်္ဂလံ ကရောမ၊ ဧဝံ ကရိယမာနေ အဇ္ဇ ပုဗ္ဗဏှသမယံ သံဃဿ ပဏီတခါဒနီယ ဘောဇနီယာနိ ပိဏ္ဍပါတဝိသေသာနိ သက္ကစ္စံ အဒမှာ အနေကသဟဿေစ ဥပါသကောပါသိကာသပ္ပုရိသေ ပဏီတေဟိ ခါဒနီယ ဘောဇနီယဝိသေသေဟိ ဘောဇယိမှာ။

ဧဝံ ဘန္တေ ဒတွာ စ ဘောဇေတွာ စ ဒါနိ ဘိက္ခုသံဃဿ သမ္မုခေ သရဏသီလာနိ ပုန သမာဒိယိတွာ ဧတေသု ယထာဝုတ္တစတုမဟာဝိဟာရေသု မဟာဘောရိဝိဟာရနာမကဿ ပေါရာဏဝိဟာရဿ အနန္တရေ ကတံ အဘိနဝ ဝိဟာရံ မဟာစည် ထေရပ္ပမုခဿ ဘိက္ခုသံဃဿ ဒေမ ယထာသုခံ ပရိဘုဉ္ဇိတုံ။

တေန အဘိနဝဝိဟာရေန သဟဂတံ အသီဝိသိဋ္ဌံ မဟာစင်္ကမဝိဟာရဋ္ဌ မဟာစည် ထေရပ္ပမုခဿ ဘိက္ခုသံဃဿ သက္ကစ္စံ ဒေမ ယထာသုခံ စင်္ကမန္တော ပရိဘုဉ္ဇိတုံ။

တိဘူမိကံ ပန သာသနာစာရမဟာဝိဟာရဋ္ဌ တိဘူမိကမေဝ-သာသနပါလမဟာဝိဟာရဋ္ဌ သီလာဒိဂုဏသမ္ပန္နဿ ယောဂါ-ဝစရဿမူဟာဿ ဒက္ခိဏောဒကံ ဩသိဋ္ဌိယ သက္ကစ္စံ ဒေမ၊ တေသု ဘန္တေ ဒွိသု ဝိဟာရေသု သီလာဒိဂုဏသမ္ပန္နာ ဘိက္ခုသာမဏေရ ဂဟဋ္ဌဘူတာ ယောဂါဝစရသပ္ပုရိသာ ယထာသုခံ ပရိဘုဉ္ဇန္တု လေဏတ္ထာယ စ သုခတ္ထာယ စ ဈာယိတုဉ္စ ဝိပဿိတုဉ္စ။

ဧတေ စ ဘန္တေ စတ္တာရော ဝိဟာရေ မဟာစည် ထေရောဝါဒ ပဋိဂ္ဂါဟကဿ သာသနာ့ရိပ်သာ အာရာမ-ရက္ခက ဂေါပကဘူတဿ ဗုဒ္ဓသာသနာနုဂ္ဂဟဘူတဿပိ နိယျာတေမ ယထာ နိယမိတံ ရက္ခဏဂေါပနတ္ထာယ။

ဣမာနိ စ စီဝရာဒိနာနာဒေယျ ဓမ္မဝတ္ထူနိ သီလာဒိဂုဏ-သမ္ပန္နာနံ အဋ္ဌာမိကသတာနံ ထေရဝရာနံ ယထာဥဒ္ဒိဋ္ဌံ ဝိသုံ ဝိသုံ ပရိစ္စဇ္ဇ သက္ကစ္စံ ဒေမ ပူဇေမ။

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု၊ ဣမဿ ပုညဿ ပတ္တိံ သဗ္ဗသတ္တာနံ ဒေမ။ သဗ္ဗေပိ တေ ဣမဿ ပုညဿ ပတ္တိံ လဒ္ဓါ သုခိတာ ဟောန္တု။

(ပါဠိရေစက်ချကတော့ ပြီးသွားပြီ၊ ဗမာလို ရေစက်ချကို ယခု ဆိုပြမယ်၊ တာဝန်ဆောင် ပုဂ္ဂိုလ်များက ရေစက်ချခွက်ကို ကိုင်ထားကြပါ၊ ပရိသတ်အားလုံးပင် လိုက်ဆိုကြပါ။)

# မြန်မာသက်သက် ရေစက်ချစာတမ်း

သံဃာတော် အရှင်မြတ်တို့ဘုရား၊ တူညီသောသဒ္ဓါ, တူညီသောဆန္ဒ, တူညီသောစိတ် အကြံရှိကြသော "ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်များ, မဟာစည်ဩဝါဒခံ ယောဂီများနှင့် အခြားစေတနာရှင်များ ဖြစ်ကြသော" တပည့်တော်တို့သည် အညီအညွတ်စုပေါင်းကြပြီးလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း, နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုပါရခြင်းအကျိုးငှါ ရည်သန်တောင့်တ၍ ဤသာသနာ့ရိပ်သာ အရမ်ကျောင်းတိုက်၌ သုံးသန်းရှစ်သိန်းကျော် ကျပ်ငွေတို့ဖြင့် ပြုစုဆောက်လုပ် စေအပ်ကုန်သော ကျောင်းတော်ကြီး လေးဆောင်တို့ကို လှူဒါန်းပူဇော်ကြရန်အတွက် ပင့်လျှောက်ဖိတ်မန်၍ အစည်းအဝေးမင်္ဂလာကို ပြုကြပါသည်။ ဤသို့ ပြုလုပ်နေကြစဉ် ယနေ့ နံနက်ခင်းကာလ၌ သံဃာတော်မြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်ဟူသော ဆွမ်းဘောဇဉ်အထူးအမြတ်တို့ကို ရိုသေစွာ လှူဒါန်း ဆက်ကပ် ခဲ့ကြပါပြီ၊ ထို့ပြင် တထောင်မက များစွာသော အမျိုးသား ဥပါသကာ, အမျိုးသမီး ဥပါသိကာမတို့ကိုလည်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ် အထူးတို့ဖြင့် ကျွေးမွေးခဲ့ကြပါပြီ အရှင်မြတ်တို့ဘုရား။

ဤသို့ လှူဒါန်းကျေးမွေးခဲ့ကြပြီးလျှင် ယခုအခါ၌ ရဟန်းသံဃာတော်မြတ်၏ မျက်မှောက်မှာ သရဏဂုံသုံးပါးနှင့်တကွ မြတ်သီလတို့ကို ထပ်မံ၍ ဆောက်တည်ကြပြီးလျှင် ယခုတင်ကပြောပြခဲ့သော ကျောင်းဟောင်ကြီး လေးဆောင် တို့တွင် "မဟာစည် ကျောင်းတော်မည်သည့် ရှေးကျောင်းတော်ကြီး၏ အခြားမဲ့၌ ဆက်ကပ်၍ ပြုလုပ်ဆောက်တည်ပြီးသော "ကျောင်းသစ်တော်ကြီးကို မဟာစည်ဆရာတော်အမှူးရှိသော ရဟန်း သံဃာတော်များအား ချမ်းသာစွာ သုံးဆောင်ရန်အတွက် လှူဒါန်းကြပါသည် အရှင်မြတ်တို့ဘုရား။

ထိုကျောင်းသစ်တော်ကြီးနှင့် အတူတကွ ဆက်စပ်လျက်ဖြစ်သော အလွန်ထူးမြတ်လှသည့် စင်္ကြံကျောင်းတော်ကြီးကိုလည်း မဟာစည်ဆရာတော် မထေရ် အမှူးရှိသော ရဟန်းသံဃာတော်အား အလိုရှိတိုင်း ချမ်းသာစွာ စင်္ကြံသွားလျက် သုံးဆောင်ရန်အလို့ငှါ ရှိသေစွာ လှူဒါန်းပါကုန်၏ အရှင်မြတ်တို့ဘုရား။

ထို့ပြင် သုံးထပ်ရှိသော သာသနာစာရ (သာသနာတော်အကျင့်ဆိုင်ရာ) ကျောင်းတော်ကြီးကိုလည်းကောင်း၊ သုံးထပ်ရှိသည်သာ ဖြစ်သော သာသနပါလ (သာသနာအစောင့်အရှောက်ဆိုင်ရာ) ကျောင်းတော်ကြီးကိုလည်းကောင်း၊ သီလစသည့် ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော ယောဂီအကျင့်ရှိသူအပေါင်းအား မြတ်သော အလှူရေစက်ကို သွန်းချ၍ အရိုအသေ လှူဒါန်းကြပါသည်။ ထိုသုံးထပ်ကျောင်းကြီး ၂ ဆောင်

တို့၌ သီလစသည့် ဂုဏ်ကျေးဇူးရှိကြသော ရဟန်းသာမဏေ များနှင့် လူဝတ်ကြောင် ယောဂီသူတော်ကောင်း တို့သည် ကိန်းအောင်းရန် ချမ်းသာရန်အတွက်လဲ ချမ်းသာစွာ သုံး ဆောင်ကြပါစေ၊ ဈာန်ဝင်စားရန် ဝိပဿနာရှုရန်အတွက်လဲ ချမ်းသာစွာ သုံးဆောင်ကြပါစေ အရှင်မြတ်တို့ဘုရား။

ထို့ပြင်လဲ ထိုကျောင်းတော်ကြီး လေးဆောင်တို့ကို မဟာ စည်ဆရာတော် မထေရ်၏ဩဝါဒခံ ဖြစ်ကြသည့် သာသနာ့ ရိပ်သာကျောင်းတိုက်ကို စောင့်ရှောက်သည့် ဂေါပကအဖွဲ့ ဖြစ်ကြသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်လဲ ဖြစ်ကြသော တာဝန်ဆောင်ပုဂ္ဂိုလ် အပေါင်းအား သတ်မှတ်ညွှန်ကြားသော သည့်အတိုင်း စောင့်ရှောက်ရန် လုံခြုံအောင် သိမ်းဆည်းရန် အတွက် အပ်နှင်းကြပါသည် အရှင်မြတ်တို့ဘုရား။

ထို့ပြင်လဲ သက်န်းအစရှိသော အမျိုးမျိုးသော လှူဖွယ် ဝတ္ထုပစ္စည်းတို့ကို တရာ့ရှစ်ပါး (၁၀၈)သော မထေရ်မြတ် တို့အား ရည်ရွယ်ယင်း ရှိသည့်အတိုင်း အသီးအသီး ပိုင်းခြား သတ်မှတ်၍ လှူဒါန်းပူဇော်ကြပါသည် အရှင်မြတ်တို့ဘုရား။

သံဃာတော်အရှင်မြတ်များနှင့် လူပရိသတ်များစွာတို့အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ကောင်းမွန်ရိုသေစွာ ကျွေးမွေးခြင်း, ဝတ္ထုငွေ သုံးသန်း ရှစ်သိန်း (၃၈၀၀၀၀၀ိ) ကျော် ထိုက်တန်သော ကျောင်းတော်ကြီး ၄-ဆောင်တို့ကို

ရေစက်သွန်းချ၍ လှူဒါန်းခြင်း, ၁၀၈-ပါးသော အရှင်မြတ်တို့အား သင်္ကန်းစသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းခြင်း အစရှိသော ဤကောင်းမှုအပေါင်းသည် အာသဝေါတရား ၄-ပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ဖြစ်ပေါ်ပါစေသတည်း။

ဤကောင်းမှုအပေါင်းကြောင့် ဘုရားတပည့်တော်တို့သည် အပါယ်လေးပါးမှ အစဉ်သာဝရ လွတ်မြောက်ကြ၍ အထူးကောင်းမြတ်သည့် လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝတို့၌ သာလျှင် ဖြစ်ကြလျက် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာကြီးခြင်း စသော ကောင်းကျိုး ချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြရပါစေ၊ ထိုသို့ ပြည့်စုံကြ ထူးမြတ်ကြလျက် မဂ်ဖိုလ်နိဗ္ဗာန်သို့လျှင်မြန်စွာ ဆိုက်ရောက်ကြရပါစေ အရှင်မြတ်တို့ဘုရား။

ဆွမ်းခဲဖွယ် ဘောဇဉ်တို့နှင့်တကွ သင်္ကန်း စသည့်တို့ကို ဆက်ကပ် လှူဒါန်းရသော ကောင်းမှု ''သုံးသန်း ရှစ်သိန်း ကျော်တန်'' ကျောင်းတော် ၄-ဆောင်တို့ကို ရေစက်ချလှူဒါန်း ရသော ကောင်းမှုဟူသော ဤကုသိုလ် အပေါင်း၏ အဖို့ ဘာဂကို အမိ အဘတို့အား လည်းကောင်း၊ ဆရာသမားတို့ အားလည်းကောင်း၊ အဆွေအမျိုးတို့အား လည်းကောင်း၊ ဤဌာန၌ ရောက်ရှိနေကြသော ပရိသတ် အပေါင်းတို့အား လည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်စောင့်နတ် အိမ်စောင့်နတ်

မြို့စောင့်နတ် တို့အား လည်းကောင်း အမျှ....အမျှ....အမျှ ပေးဝေကြပါကုန်၏။ ထို့ပြင် အလုံးစုံသော သတ္တဝါတို့အား လည်း အမျှ....အမျှ....အမျှ ပေးဝေ ကြပါကုန်၏။ အမိအဘ တို့မှစ၍ အလုံးစုံသောသတ္တဝါတို့သည် ဤကောင်းမှုအပေါင်း ၏ အဖို့ကို အညီအမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ ပါစေ။

အမျှ— အမျှ... အမျှ— ယူတော်မူကြပါကုန်လော။

သာဓု......သာဓု——သာဓု။

ကျောင်းတော်များ ရေစက်ချနှင့် အနုမောဒနာတရား

ဤတွင် ပြီးပြီ။

# အနုမောဒနာဆောင်ပုဒ်များ

— အေး ပူ-စသား၊ ဘေးရန်များ၊
ပယ်ရှားကင်းစေသည်။

— ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊
အမှန်ဖြစ်ပေသည်။

— ဈာန်ဝင်စားရန်၊ ရှုမှတ်ရန်၊
ကေန်သင့်ပေသည်။

— ကျောင်းလှူဒါန၊ ကျိုးကြီးလှ၊
ဗုဒ္ဓ ချီးကျူးသည်။

— ဆင်းရဲပယ်ရှား၊ မြတ်တရား၊
နာကြားရပြန်သည်။

— ကျောင်းအလှူရှင်၊ တရားမြင်၊
ခုပင် ငြိမ်းနိုင်သည်။